myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

February 15, 2019 Volume 16, Number 10

**၁၅.၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၉/ကျပ် |
| CBM Rate | = ၁၅၃၁.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၇.၂ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၀.၄ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၈.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၉၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၅၂ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၅.၅၂ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၄.၄၁ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၅၂ကျပ် |

Source: CBM Rate. etrademyanmar.com

## သရက်ခြံအချို့တွင် ထိုင်းနိုင်ငံမှာအသုံးမပြုတော့သည့် စိုက်ပျိုးရေးဆေးများ သုံးစွဲနေသည်ဟုဆို

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သရက်ခြံအချို့တွင် ထိုင်းနိုင်ငံ၌ရောင်းချခွင့် ပိတ်သိမ်းထားသော ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးများကို အသုံးပြုနေသည်ကို တွေ့ရှိနေရကြောင်း မြန်မာ့သရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အသင်း (မန္တလေး)အတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။

ထိုင်းက သရက်စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး ပညာရှင်တွေလာရောက်တဲ့အခါမှာ စိုက်ပျိုးသူတွေအနေနဲ့ သူတို့အသုံးပြုနေတဲ့ ထိုင်းနိုင်ငံကထုတ်တဲ့ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးတွေကိုပြတော့ အဲဒီဆေးတွေက သူတို့နိုင်ငံမှာ မထုတ်တော့ကြောင်း၊ ပိတ်ထားတာကြာပြီဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှာတော့ အဲဒီဆေးကို တော်တော်လေးအသုံးပြုနေကြောင်း ၎င်းကပြောသည်။

ယခုအသုံးပြုနေသည့်ဆေးမှာ ထိုင်းနိုင်ငံတွင် မသုံးစွဲတော့သည့် အမှတ်တံဆိပ်၊ မှတ်ပုံတင် သက်တမ်းလွန် ကုမ္ပဏီထုတ်တံဆိပ်များဖြစ်ပြီး ၎င်းတို့ကိုသုံးစွဲခြင်းဖြင့် သရက်အရည်အသွေးပိုင်းဆိုင်ရာတွင် ထိခိုက်မှုများရှိနိုင်သဖြင့် အသင်းအနေဖြင့် တောင်သူများ စိစစ်အသုံးပြုနိုင်ရန် သတိပေးထားကြောင်းသိရသည်။

၎င်းဆေးပစ္စည်းများမှာ နယ်စပ်မှတစ်ဆင့်ဝင်ရောက်ခြင်းဖြစ်ပြီး အတု၊အစစ် ခွဲခြားရန်မှာလည်းခက်ခဲကြောင်း၊ ထို့အတွက်တောင်သူများအနေဖြင့် အတု အသုံးပြုမိလျှင် နစ်နာမှုများကြုံတွေ့ရနိုင်သဖြင့် ဂရုပြုဝယ်ယူကြရန် လိုအပ်ကြောင်း သတိပေးထားသည်။

"တောင်သူတွေအနေနဲ့ငွေကုန်ပြီး ပစ္စည်းမကောင်းတဲ့အပြင် နောက်ဆက်တွဲ အသီးပြဿနာတွေအထိ ဖြစ်လာနိုင်တဲ့အတွက် သတိပြုဖို့လိုကြောင်း ၎င်းက ပြောသည်။ ယခုကဲ့သို့ စိုက်ပျိုးရေးဆေးပစ္စည်း အတုများဝင်ရောက်နေသည်ဟု ပြောဆိုခြင်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသီဝေက ဥပဒေနဲ့မညီတဲ့ စိုက်ပျိုးရေး ဆေးပစ္စည်းတွေကို ရောင်းချခြင်းမရှိအောင် စစ်ဆေးနေပါတယ်။ ထိုင်းနိုင်ငံမှာ အသုံးမပြုတော့တဲ့ဆေးပစ္စည်းတွေ တောင်သူတွေလက်ထဲမှာတွေ့တယ်ဆိုရင် အတိအကျ အကြောင်းကြားပါ။ အရေးယူမှုတွေကိုပြုလုပ်သွားမှာဖြစ်ပါတယ်လို့ ပြောသည်။ သီးနှံကာကွယ်ရေးဌာနအနေဖြင့် စိုက်ပျိုးရေးတွင် မဖြစ်မနေအသုံးပြု နေကြသော ပိုးသတ်ဆေးများနှင့်ပတ်သက်ပြီး စီပီအေသင်တန်းများကို ဖွင့်လှစ် ပေးခြင်း၊ တားမြစ်ထားသော စိုက်ပျိုးရေးဆေးများကိုရောင်းချခြင်း၊ မြန်မာ စာအညွှန်းမပါပဲ ရောင်းချခြင်းများကိုလည်း ယခုထက်ပိုမိုစစ်ဆေးဆောင်ရွက်စေ လိုကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**Source:** https://www.facebook.com/myanmaawba/?ref=page_internal

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## မြိတ်ကျွန်းစုဒေသထွက် ပင်လယ်မျှော့များရှားပါးလာ



မြိတ်ကျွန်းစုဒေသ၏ ရေထွက်ကုန်များအနက် ပင်လယ်မျှော့ (Sea Cucumber) များကို ဖမ်းဆီးသူများလာခြင်းကြောင့် တဖြည်းဖြည်းရှားပါးလာကြောင်း လုပ်ငန်းလုပ်ကိုင်နေသူ ရေလုပ်သားများထံမှသိရသည်။

ပင်လယ်မျှော့များကို သန္တာကျောက်များနှင့် ကျောက်ဆောင်များအကြား ညအချိန်၌ ဖမ်းဆီးရခြင်းဖြစ်ပြီး လက်ရှိတွင် ကမ်းဝေးငါးဖမ်းလှေနှင့် မိုင်းခွဲဖမ်းသည့် ငါးဖမ်းလှေများကြောင့် သန္တာကျောက်တန်းများ ပျက်စီးကာ ရှားပါးလာခြင်းဖြစ်ကြောင်း ပင်လယ်မျှော့ဖမ်းဆီးသူ ကျွန်းစုဒေသခံ ရေလုပ်သားများထံမှသိရသည်။

ကျွန်းစုမြို့နယ် ဒုံးပုလဲအော်ကျေးရွာနေ ဦးကြည်စိုးက လွန်ခဲ့တဲ့ ငါးနှစ်၊ ၁၀ နှစ်လောက်က ပင်လယ်ထဲထွက်ဖမ်းရင် ဝါလတ်ပုံးနဲ့ နှစ်ပုံး၊ သုံးပုံးလောက်ရတာမျိုးရှိပါတယ်။ အခုက လှေတစ်ခေါက်ထွက်ရင် ငါးဂါလန်ပုံးနဲ့ဆိုရင် တစ်ပုံးနီးပါးလောက်ပဲရရှိတော့ပြောဆိုသည်။ ဒုံးပုလဲအော်ကျေးရွာလေးသည် ယခင်က ပင်လယ်မျှော့ဖမ်းဆီးခြင်း လုပ်ငန်းလုပ်ကိုင်သည့် ကျေးရွာတစ်ရွာဖြစ်ပြီး အခုအခါမှာမျှော့ရှားပါးလာခြင်းကြောင့် အခြား ငါးဖမ်းလုပ်ငန်းများကို ပြောင်းရွှေ့လုပ်ကိုင်လာကြသည်။

မျှော့တွေပေါတဲ့အချိန်ကဆိုရင် မျှော့တစ်ပိဿာကို တစ်သိန်းကျော်လောက်ပဲရပါ တယ်။ အခုအချိန်မှာတော့ မျှော့ကရှားပါးလာတဲ့အတွက် တစ်ပိဿာကို နှစ်သိန်းကျော်လောက် ဈေးကောင်းရနေပါတယ်လို့ ဒုံးပုလဲအော်ကျေးရွာနေ ဒေါ်သင်းသင်းယုကပြောဆိုသည်။ အဆိုပါပင်လယ်မျှော့အား တရုတ်နိုင်ငံမှ အများဆုံးဝယ်ယူခြင်းဖြစ်ပြီး ဟိုတယ်များတွင် အားဆေးဟင်းလျာအဖြစ် ရောင်းချကြကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/120529.html

## ကုန်သွယ်ဖက်နိုင်ငံ ၁၀ ခု နီးပါး တိုးလာခဲ့

ယခုဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုပြုနေသည့်နိုင်ငံများအပြင် အခြားသောကုန်သွယ်ဖက်နိုင်ငံအသစ် ၁၀ ခုနီးပါးတိုးလာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ ပြည်တွင်း၏ အဓိကပို့ကုန်ဖြစ်သည့် ဆန်၊ ပြောင်းနှင့် အခြားသောလယ်ယာထွက်ကုန်များကို ကုန်သွယ်ဖက်နိုင်ငံအသစ်များကဝယ်ယူကြောင်း၊ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆန်ဝယ်ယူလာသည့်အပြင် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများ၊ အာရှတိုက်တွင်းနိုင်ငံများလည်း စိုက်ပျိုးရေးထွက်ကုန်များဝယ်ယူရန် ကမ်းလှမ်းမှုများရှိကြောင်း ယင်းဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးကပြောကြားသည်။

"အဓိကကတော့ အစိုးရချင်း ဆွေးနွေးမှုတွေများများလုပ်ဖြစ်တယ်။ စီးပွားကူးသန်းရဲ့တာဝန်ကလည်း ဈေးကွက်အသစ်တွေ ရှာဖို့ဖြစ်တဲ့အတွက် နိုင်ငံတကာစီးပွားရေး ဖိုရမ်တွေလုပ်တဲ့အခါ ကိုယ့်ဘက်ကသွားပြီး ရှင်းပြတာတွေ၊ ပရိုမိုးရှင်းလုပ်တာတွေရှိတော့ ကုန်သွယ်ဖက်နိုင်ငံက ပိုတိုးလာကြောင်း ၎င်းကဆိုသည်။ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတစ်ခုတည်းကို အားကိုး၍မရခြင်းကြောင့် ဈေးကွက်အသစ်များရှာဖွေရကြောင်း၊ ကုန်သွယ်ဖက်နိုင်ငံများ တိုးလာခြင်းကြောင့် ကုန်သွယ်မှုပမာဏမှာ အထိုက်အလျောက်တက်လာကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။

လက်ရှိတွင် အဓိကကုန်သွယ်နေသည့် နိုင်ငံပေါင်း ၇၄ နိုင်ငံရှိပြီး၊ အများဆုံးကုန်သွယ်သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကာ အနည်းဆုံးကုန်သွယ်သည့်နိုင်ငံမှာ ကျွန်းနိုင်ငံများဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှသိရသည်။ အထည်ချုပ်လုပ်ငန်းတွေဆိုရင် ဥရောပနိုင်ငံဘက်က ပိုပြီးမှာယူလာတာတွေရှိတယ်။ တခြားဈေးကွက်တွေလည်းရှိလာတော့ ကုန်သွယ်မှုတွေက အထည်ချုပ်မှာတက်လာတာပါ။ နောက်တစ်ခုက ကုန်သည်အသင်းအချင်းချင်း ကမ်းလှမ်းတာတွေရှိတော့ အဲဒီနိုင်ငံတွေကနေတစ်ဆင့် ဈေးကွက်ကျယ်ပြန့်လာတာတွေရှိကြောင်း အထည်ချုပ်လုပ်ငန်းရှင် ဦးအောင်ဝင်းကပြောကြားသည်။

**Source:** https://www.facebook.com/a9biz/

## ပဲခူးတိုင်းတွင် မလေးရှားနိုင်ငံအခြေစိုက် ပရိဘောဂကုမ္ပဏီတစ်ခုမှ မန်ဂျန်ရှားပရိဘောဂစက်ရုံ တည်ဆောက်ရန်စီစဉ်နေ

ပဲခူးတိုင်းဒေသကြီးတွင် မလေးရှားနိုင်ငံအခြေစိုက် ပရိဘောဂကုမ္ပဏီတစ်ခုမှ မန်ဂျန်ရှားပရိဘောဂစက်ရုံတည်ဆောက်ကာ ၁ နှစ်လျှင် မန်ဂျန်ရှားသစ်တန်ချိန် ၃၀၀၀ ခန့်ဝယ်ယူရန် စီစဉ် နေကြောင်း မြန်မာနိုင်ငံ မန်ဂျန်ရှား စိုက်ပျိုးထုတ်လုပ်သူများ အသင်း (ယာယီ)မှ သိရှိရသည်။ ယင်းစက်ရုံအတွက် လိုအပ်သော မန်ဂျန်ရှားသစ် ကုန်ကြမ်းရရှိရန် မြန်မာနိုင်ငံ မန်ဂျန်ရှား စိုက်ပျိုးထုတ်လုပ်သူများအသင်း (ယာယီ) မှ တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ရာ မြန်မာတစ်နိုင်ငံလုံးရှိ မန်ဂျန်ရှားသစ်ကို ဝယ်ယူရန်အတွက် ဆာဗေးကောက်ယူလျက်ရှိကြောင်းသိရသည်။ ပြီးခဲ့တဲ့ရက်ကပဲ မလေးရှားက ပရိဘောဂထုတ်လုပ်တဲ့ ကုမ္ပဏီတစ်ခုက ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ လာဆွေးနွေးတာရှိတယ်။ ပဲခူးတိုင်းဒေသကြီးမှာ ပရိဘောဂစက်ရုံ အသေးလေး တစ်ခုတည်ဆောက်မယ်ပေါ့၊ လိုအပ်တဲ့ကုန်ကြမ်းရရှိဖို့ကို တာဝန်ယူသွင်းပေးရမယ်။ ဆာဗေးကောက်နေတယ်။ တစ်နှစ်ကို တန်ချိန် ၃၀၀၀ လောက် လိုချင်တဲ့အတွက် သူတို့လိုချင်တဲ့ ကုန်ကြမ်းမရမှာစိုးတယ်။ ဈေးနှုန်းကတော့ ကာလပေါက်ဈေး အတိုင်းပဲ အရောင်း အဝယ်ပြုလုပ်ဖို့အတွက်ဆွေးနွေးထားကြောင်း မြန်မာနိုင်ငံမန်ဂျန်ရှား စိုက်ပျိုးထုတ်လုပ်သူများအသင်း (ယာယီ)ဥက္ကဋ္ဌ ဦးမျိုးကိုကိုသိန်းကပြောသည်။ ဗီယက်နမ်နိုင်ငံတွင် မန်ဂျန်ရှားသစ်စိုက်ပျိုး ထုတ်လုပ်မှုသည် သစ်တော စိုက်ပျိုးထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းရှိရာ တစ်ကမ္ဘာလုံးသို့ နှစ်စဉ် မန်ဂျန်ရှားသစ်တင်ပို့မှု ပမာဏမှာ တန်ချိန် ၈ မီလီယံရှိပြီး မန်ဂျန်ရှားသစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၁၁၀၀) ဝန်းကျင် ဈေးနှုန်းဖြင့် တင်ပို့နေရကြောင်းသိရသည်။

မန်ဂျန်ရှားသစ်သည် အရွယ်ရောက်လာပါက ထိန်းသိမ်းပြုပြင်ပေးစရာမလိုဘဲ စိုက်ပျိုးနိုင်သော သစ်အမျိုးအစားဖြစ်ပြီး စတင်စိုက်ပျိုးချိန်မှစ၍ ၆ နှစ်သက်တမ်းကြာလျှင် အရည်အသွေးကောင်းမွန်စွာ ထုတ်ယူသုံးစွဲနိုင်ကြောင်းသိရသည်။ "အဆိုပါကုမ္ပဏီသည် မြန်မာနိုင်ငံတွင် မန်ဂျန်ရှားသစ်ကုန်ကြမ်း လိုသလောက်ရရှိပါက ပဲခူးတိုင်းဒေသကြီးအပြင် အခြားတိုင်းဒေသကြီးများတွင် စက်ရုံများတည်ဆောက်သွားရန် နေရာထပ်မံရွေးချယ်နေပြီး မန်ဂျန်ရှားသစ်မှတဆင့် ကုန်ချောထုတ်လုပ်သော စက်ရုံအသေးအတွက် တစ်နှစ်လျှင် မန်ဂျန်ရှားစိုက်ဧက ၁၅၀၀၀ ရှိရမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ မန်ဂျန်ရှားစိုက်ပျိုးထုတ်လုပ်သူများအသင်း(ယာယီ)သည် ဗီယက်နမ်နိုင်ငံသို့ ၂၀၁၉ ခုနှစ် ဇန်နဝါရီ လ(၄) ရက်က မန်ဂျန်ရှားသစ် ကုန်ချောထုတ်လုပ်မှုနှင့်ပတ်သက်၍ ဈေးကွက်ရရှိရန်၊ နည်းပညာရရှိရန်လေ့လာရေးခရီးသွားခဲ့ပြီး မန်ဂျန်ရှားစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် မိတ်ဖက်ညီနောင်အဖြစ်ပူးပေါင်းဆောင်ရွက်နိုင်ရန် ကမ်းလှမ်းထားခဲ့ကြောင်း သိရသည်။

မန်ဂျန်ရှားသစ်ကို မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၀ နှစ်ဝန်းကျင်ကပင် အိန္ဒိယနိုင်ငံမှ မျိုးတင်သွင်းစိုက်ပျိုးခြင်းဖြစ်သော်လည်း လက်ရှိတွင် ပြည်သူလူထု အသိပညာနည်းပါးခြင်းကြောင့် မန်ဂျန်ရှားစိုက်ပျိုးထုတ်လုပ်မှု နည်းပါးနေသေးကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် မန်ဂျန်ရှားသစ် စိုက်ဧက ၃၀၀၀၀ ကျော်သာရှိပြီး မန်ဂျန်ရှားသစ်ကို ပါကေး၊ စက္ကူပျော့ဖက်၊ A4 စာရွက်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ကြောင်းသိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/posts/1050870305096807?__tn__=K-R

## ချင်းပြည်နယ်တွင် ပထမဆုံး ကော်ဖီအခြောက်လှန်းစက်ရုံ စတင်လည်ပတ်



ချင်းပြည်နယ်တွင် ပထမဆုံးကော်ဖီအခြောက်လှန်းစက်ရုံကို မင်းတပ်မြို့တွင်တည်ဆောက်ခဲ့ပြီး ယခုအခါ ဖေဖော်ဝါရီ ပထမအပတ်ကစတင်၍ လည်ပတ်နေပြီဖြစ်ကြောင်း ကော်ဖီစက်ရုံပိုင်ရှင် ဆလိုင်းမာဟုန်းကပြောသည်။

အဆိုပါကော်ဖီအခြောက်လှန်းစက်ရုံကို ဒိန်းမတ်အစိုးရထံမှ RBF (Responsible Business Fund) ၈၀ ရာခိုင်နှုန်း ကူညီပံ့ပိုးမှုရရှိပြီး လုပ်ငန်းရှင်ဖက်မှ ၂၀ ရာခိုင်နှုန်းအကုန်ကျခံပြီး စက်ရုံကို တည်ဆောက်ခြင်းဖြစ်ကြောင်းသိရသည်။

ချင်းပြည်နယ်တွင် ယခင်ကကော်ဖီများကို အခြောက်ခံလိုပါက ပြင်ပနေပူအရှိန်ဖြင့် လှန်းရသည့်အတွက် ကော်ဖီ အရည်အသွေးပိုင်းတွင် နိမ့်ကျဆင်းခြင်းနှင့်ကော်ဖီအခြောက်လှန်းရာတွင် အချိန်ကြာမြင့်မှုကြောင့် ယခုကဲ့သို့ နေရောင်ခြည်သုံးအခြောက်ခံစက်ကို စမ်းသပ်ကာ စတင်အသုံးပြုကြည့်ခြင်းဖြစ်ကြောင်း

သိရသည်။ နေရောင်ခြည်သုံး အခြောက်လှန်းစက်ရုံကို စနစ်တကျလုပ်ဆောင်ခြင်းအားဖြင့် လုပ်ငန်းလည်ပတ်မှု ပိုမိုလွယ်ကူစေမည်ဖြစ်ပြီး ကော်ဖီအရည် အသွေးလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ဆလိုင်းမာဟုန်းကဆိုသည်။ အခြောက်လှန်းစက်ရုံမှာ တစ်ကြိမ်အခြောက်လှန်းရင် (၅၆၀)ပိဿာလှန်းနိုင်ကြောင်း၊ ယခုလိုတည်ဆောက်ထားခြင်းကြောင့် ကော်ဖီအခြောက်လှမ်းရမှာ မိုးအုံ့မှာတို့ ဖုံဝင်မှာတို့လည်း မကြောက်ရဘူး။ မိုးလုံလေလုံအေးဆေးပဲ လုပ်နိုင်ကြောင်း၊ ဈေးကွက်ထဲမှာလဲ ရောင်းချလိုက်ရင် အဆင်ပြေပြီး အရည်အသွေးပိုင်းမှာလည်း အဆင့်မြှင့်ကြောင်း ၎င်းကပြောသည်။ ချင်းပြည်နယ်တွင် ပထမဆုံး ကော်ဖီစိုက်ထုတ်လုပ်ပြီး လက်ရှိအချိန်တွင် စမ်းသပ်ကာလဖြစ်သည့်အတွက် ရောင်းချခြင်းမရှိသေးကြောင်းသိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/

## ကြံခုတ်ရာသီ၌ တစ်နိုင်တစ်ပိုင် ပွက်ရည် (သကာရည်) ချက်လုပ်ငန်းများ အရှုံးပေါ်နေ

လက်ရှိကြံများ စတင်ခုတ်သိမ်းရာသီ၌ တစ်နိုင်တစ်ပိုင် ပွက်ရည် (သကာရည်) ချက်လုပ်ငန်းများ ဈေးကောင်းမရ၍ အရှုံးပေါ်နေကြောင်း သကာရည်ချက်တောင်သူများထံမှသိရသည်။ နေပြည်တော်၊ ပျဉ်းမနားရှိ ကြံသကာချက်လုပ်ငန်းရှင် ဦးမြတ်သာက ကြံသကာလက်ကားတစ်ပိဿာကို ကျပ် ၇၀၀ လောက်ပဲရကြောင်း၊ ဒီဈေးနဲ့က တွက်ချေမကိုက်ကြောင်း၊ ကြံချက်ဖို့က ထင်းတစ်လှည်းကို ကျပ် ၁၆,၀၀၀ ပေးရတော့ ထင်းဖိုးတောင် ပြန်မရကြောင်း၊ တစ်ပိဿာကို အနည်းဆုံး ကျပ် ၉၀၀ ကနေ ၁,၁၀၀ လောက် ရောင်းရမှ တွက်ချေကိုက်မှာဖြစ်ကြောင်း၊ ပွတ်ရည်ချက်သူတွေက ကြံကိုစက်ရုံမသွင်းပဲ တစ်နိုင်တစ်ပိုင်ပဲ ချက်တာများကြောင်းပြောသည်။

ကြံမှ ပွက်ရည်(သကာရည်)ကို ကြံသကာ၊ သကြားလုပ်ငန်း၊ ယိုမျိုးစုံလုပ်ငန်း၊ ကြာညို့လုပ်ရာတွင် အသုံးပြုကြသကဲ့သို့ တန်ဖိုးမြှင့်အစားအစာများ၊ တိုင်းရင်းဆေးဝါးများတွင် အများဆုံးအသုံးပြုကြပြီး လက်ရှိဈေးကွက်အတွင်း ကြံတစ်တန်လျှင် ကျပ် ၄၅,၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ရှိနေပြီး ကြံစက်ရုံအရောက်ပို့ပေးပါက သယ်ယူပို့ဆောင်စရိတ်အဖြစ် ကျပ် ၁,၀၀၀ ခန့် ပိုပေးဝယ်ယူကြကြောင်းသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရှိ ကြံချက်လုပ်ငန်းတောင်သူ ဦးဖိုးသားက ကြံခုတ်ပြီး စက်ရုံပို့မယ်ဆိုရင် ကားခက အကွာအဝေးအပေါ် တွက်ယူတာလေ။ ခုမန္တလေးအရောက် ပွတ်ရည်ပေါက်ဈေးက ၁ ပိဿာ ၅၈၀ ကျပ်ဆိုတော့ ကြံတောင်သူအတွက်က ၄၀၀ ကျပ်အောက်လောက်ပဲ ကျန်တော့မယ်။ ကြံသကာချက်ပြီး ပွဲရုံတွေကို အလုံးဈေးနဲ့ သွင်းရင်လည်း ဈေးနှိမ်တာခံရတယ်” ဟု ပြောသည်။

လက်ရှိ ပြည်တွင်းသကြား ထုတ်လုပ်ငန်းများမှ ရောင်းချသော ကြံ၊ ကြံသကာ၊ ထန်းလျက်၊ သကြားနှင့် သ ကာရည် စသည့် စားသောက်ကုန်ပစ္စည်းများ၏ အရည်အသွေးများမှာ မြင့်မားတိုးတက်လာပြီး၊ ထုတ်လုပ်သူ များနှင့် ရောင်းဝယ်သူများ အကျိုးရှိစေမည့် ဈေးကွက်ဖြစ်ထွန်းလာစေရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးကပြောသည်။

လက်ရှိ ကြံ၊ ကြံသကာ၊ ထန်းလျက်၊ သကြားနှင့် သကာရည် စသည့် စားသောက်ကုန်ပစ္စည်းများ စိုက်ပျိုးထုတ်လုပ်ရာတွင် စားသုံးရန် အန္တရာယ်ကင်းသော ဈေးကွက်ဝင်အရည်အသွေးမြင့်ကုန်ပစ္စည်းများ စိုက်ပျိုးထုတ်လုပ်၊ ထုတ်ပိုးဖြန့်ဖြူး ရောင်းဝယ်ဖောက်ကားမှု အသိပညာနှင့်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်၏ အထောက်အပံ့များ လိုအပ်နေကြောင်း ကြံစိုက်တောင်သူများနှင့် ကုန်သည်များကဆိုသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5845

## နွေစပါးပေါ်ချိန် စပါးဈေးကျဆင်းနိုင်ဟု ဆန်ကုန်သည်အချို့ခန့်မှန်း

ပြည်ပဆန်တင်ပို့မှုလျော့နည်းခြင်းကြောင့် လာမည့်နွေစပါးအသစ်ပေါ်ချိန်တွင် စပါးဈေးကျဆင်းလာနိုင်ကြောင်း ဆန်ကုန်သည်အချို့က ခန့်မှန်းသည်။ တရုတ်နိုင်ငံမှ ဝယ်လိုအားလျော့နည်းခြင်း၊ အီးယူနိုင်ငံများမှ မြန်မာ့ဆန် အဝယ်လျော့ကျခြင်းကြောင့် ၂၀၁၈ ဧပြီမှ ၂၀၁၉ မတ်လကုန်အထိ ပြည်ပဆန်တင်ပို့မှု သုံးပုံတစ်ပုံခန့် လျော့ကျနိုင်သည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃ ဒသမ ၅ သန်း တင်ပို့နိုင်ခဲ့သော်လည်း ယခုနှစ်ကာလတူတွင် တန်ချိန် နှစ်သန်းကျော်သာ တင်ပို့နိုင်မည်ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ခန့်မှန်းသည်။




ပြည်တွင်း၌ ဆန်လက်ကျန် တန်ချိန် တစ်သန်းကျော်ရှိနေခြင်းက မကြာမီလများတွင် အသစ်ပေါ်ထွက်မည့် နွေစပါးအတွက်စိုးရိမ်ကြောင်း ဖေဖော်ဝါရီ ၉ ရက်က မန္တလေးမြို့၌ ပြုလုပ်သော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ညီလာခံတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌဦးချစ်ခိုင်ကပြောကြားသည်။ ၂၀၁၈ ကစတင်ပြီး တစ်နှစ်တစ်ကြိမ် သတ်မှတ်ရမည့် အခြေခံရည်ညွှန်းနှုန်း ကြမ်းခင်းဈေးသတ်မှတ်နိုင်ရေး ဦးချစ်ခိုင်က အစိုးရထံ တင်ပြတောင်းဆိုသည်။ လက်ရှိပြည်တွင်း အခြေအနေအရ စပါးဈေးက ကြမ်းခင်းဈေးအောက်ကျဆင်းမည်ဆိုပါက ဝယ်ယူရမည့် အခြေ အနေနှင့် ပတ်သက်ပြီး အခက်အခဲများရှိလာနိုင်ကြောင်း ဦးချစ်ခိုင်ကပြောပြသည်။ ပြည်တွင်းစပါးဈေးသည် ကြမ်းခင်း ဈေးအောက် ရောက်ရှိမည်ဆိုပါက စပါးပေါ်ချိန်တွင် လယ်သမားများက ဆက်တိုက်ရောင်းချမည်ဖြစ်သောကြောင့် ငွေကြေးအင်အား အဆင်ပြေခဲ့လျှင်လည်း သိုလှောင်ရုံပြဿနာက စိန်ခေါ်မှုဖြစ်လာနိုင်ကြောင်း ဦးချစ်ခိုင်ကပြောသည်။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍတွင် သမိုင်းဝင်သတ်မှတ်ချက်တစ်ခုဖြစ်သော အခြေခံရည်ညွှန်းနှုန်း ကြမ်းခင်းဈေးကို ၂၀၁၈ မတ်လက သတ်မှတ်နိုင်ခဲ့ပြီး ၂၀၁၉ အတွက် အခြေခံ ကြမ်းခင်းဈေးသက်မှတ်ရန် လိုအပ်နေသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု တန်ဖိုး ကျပ်ဘီလီယံ ၅,၀၀၀ ကျော်ရှိပြီး လယ်ယာ စိုက်ပျိုးထုတ်လုပ်ရေး လုပ်ကိုင်နေသည့် တောင်သူလယ်သမား လေးသန်းကျော်ရှိကြောင်း မန္တလေးမြို့တွင် ကျင်းပသည့် ဆန်စပါး အထွေထွေညီလာခံသို့ တက်ရောက်လာသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။ ဆန်စပါးလုပ်ငန်းကဏ္ဍက မြန်မာ့စီးပွားရေးတွင် အထူးအရေးပါပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့မြှင့်တင်နိုင်ရေး အရည်အသွေး၊ အရေအတွက်ပိုင်းယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ပေးရန် ဒုတိယသမ္မတက တိုက်တွန်းခဲ့သည်။

မြန်မာနိုင်ငံမှ ၂၀၁၈ ဧပြီမှ ၂၀၁၉ ဇန်နဝါရီလလယ်အထိ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ၉ သန်းကျော် တင်ပို့ထားသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက တန်ချိန် ရှစ်သိန်းကျော် လျော့နည်းသည်။ ထိုကဲ့သို့ အခြေအနေမျိုးကြောင့် နွေစပါးပေါ်ချိန်တွင် စပါးဈေးကျ ဆင်း မည်ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တာဝန်ရှိသူများက စိုးရိမ်နေသည်။ ပြည်တွင်းဈေးကွက်၌ စပါးဈေးကလက်ရှိတွင် အနည်းဆုံး တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းရှစ်သောင်းမှ ခြောက်သိန်းငါးသောင်းအကြား ဈေးရှိနေသည်။ ရန်ကုန်ဆန်ဈေးနှင့် နှိုင်းယှဉ်မည်ဆိုပါက စပါးဈေးက ပိုများကြောင်း ဘုရင့်နောင် ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးက ပြောသည်။ လက်ရှိတွင် စပါးအများစုက ကုန်သည်ပွဲစားနှင့် သိုလှောင်သူများထံတွင် ရှိနေပြီး တောင်သူများထံ တွင် စပါးလက်ကျန်နည်းပါးနေကြောင်း ၎င်းကဆိုသည်။

**Source:** http://www.7daydaily.com/story/149854

## မုံရွာတွင် မိုးကြက်သွန်နီဈေးကျ၍ ကြက်သွန်မတူးဖော်ဘဲ စွန့်ပစ်သူများပြားဟုဆို

မုံရွာမြို့နယ်တွင် မိုးရာသီ စိုက်ပျိုးသော ကြက်သွန်နီဈေးကွက်ကျဆင်းကာ အရှုံးနှင့်ရင်ဆိုင်ရ၍ စိုက်ခင်းအတွင်း ကြက်သွန်မတူးဖော်ဘဲ စွန့်ပစ်သူများရှိနေကြောင်း မုံရွာမြို့နယ် မြေနဲကျေးရွာ ကြက်သွန်နီစိုက်တောင်သူ ဦးအောင်ထူးက ပြောသည်။

မုံရွာဒေသတွင် မိုးရာသီ ကြက်သွန်နီကို ယခင်နှစ် အောက်တိုဘာက စတင်စိုက်ပျိုးပြီး ယခုနှစ် ဇန်နဂါရီအတွင်း ဈေးကွက်၌ တစ်ပိဿာလျှင် ကျပ် ၃၀၀ ခန့် သာ အရောင်းအဂယ်ဖြစ်နေ၍ အလုပ်သမားစရိတ် ထပ်ရှုံးမည်ကို စိုးရိမ်ကာ တောင်သူအချို့သည် စိုက်ခင်းထဲမှ ကြက်သွန်များမတူးဖော်ဘဲ စွန့်ပစ်ခြင်းဖြစ်သည်။

မုံရွာမှာ မိုးကြက်သွန်စိုက်တဲ့သူ အားလုံးရဲ့ လေးပုံတစ်ပုံလောက်က ကြက်သွန်မတူးဘဲထားတယ်။ လက်ရှိဈေးက တစ်ပိဿာ သုံးရာဂန်းကျင်ဆိုတော့ စိုက်စရိတ်ကရှုံးနေပြီ။ စိုက်ခင်းထဲက ကြက်သွန်ဖော်မယ်ဆိုရင် အလုပ်သမားခ ထပ်ရှုံးတော့မယ်။ ဒါကြောင့် စိုက်ခင်းထဲ ဒီအတိုင်းပစ်ထားတဲ့သူတွေရှိနေ ဦးအောင်ထူးကပြောသည်။

ယခင်နှစ် မိုးကြက်သွန်စိုက်ပျိုးရာသီတွင် အခြားကောက်ပဲသီးနှံဈေးကွက် မတည်ငြိမ်သဖြင့် ကြက်သွန်စိုက်ဧကပိုများလာခြင်းနှင့် ရာသီဥတုကောင်းခြင်းကြောင့် ကြက်သွန်အထွက်နှုန်းများကာ ဈေးကျဆင်းခဲ့ကြောင်း ၎င်းက ဆိုသည်။

အရင်တုန်းက ဆောင်းကြက်သွန်ဈေးကွက်မှာ ကုန်တဲ့အချိန်၊ ဈေးကောင်းရတဲ့အချိန်မှာ မိုးကြက်သွန်က အစားထိုးဂင်လာတော့ တစ်ပိဿာ တစ်ထောင်ကျော်လောက်အထိရတယ်။ ပြီးခဲ့တဲ့နှစ်က ဆောင်းကြက်သွန်ကလည်း ဈေးသိပ်

မရဘူး။ ဆောင်းကြက်သွန်က ဈေးကောင်းမရ၊ အဝယ်မလိုက်တဲ့အချိန် မိုးကြက်သွန်က အင်နဲ့အားနဲ့ဝင်လာတော့ ရောင်းလိုအားများပြီး ဝယ်လိုအားနည်းလို့ ဈေးကျတာပေါ့။ တောင်သူတွေအနေနဲ့တော့ ဆယ်နှစ်အတွင်း အရှုံးများတဲ့နှစ်ဖြစ်ကြောင်း ဒေသခံကြက်သွန်နီစိုက်တောင်သူတစ်ဦးကပြောသည်။
ယခုနှစ် ဖေဖော်ဝါရီလလယ်တွင် မုံရွာဈေးကွက်သို့ ဝင်ရောက်လာသော မိုးရာသီစိုက် ကြက်သွန်နီဥများ၏ အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာလျှင် ကျပ် ၁၅၀ မှ ၃၅၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း မုံရွာမြို့ဒေသခံကြက်သွန်နီရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးကဆိုသည်။
**Source:** http://www.7daydaily.com/story/149974

## အေးခဲရေထွက်ကုန်ပစ္စည်းများ နယ်စပ်မှတင်သွင်းခွင့်မပြု ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုတော့မည်

အေးခဲရေထွက်ကုန်ပစ္စည်းအမျိုးမျိုးအား နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခွင့်ပြုမည်မဟုတ်ဘဲ ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၃ ရက်၌ ထုတ်ပြန်သည်။
အေးခဲအသား၊ အေးခဲ ရေထွက်ကုန်ပစ္စည်းများ၊ အသားအမျိုးမျိုးနှင့် ရေထွက်ကုန်ပစ္စည်းများကို အခြေခံအသုံးပြု၍ ထုတ်လုပ်ထားသော စားသောက်ကုန်ပစ္စည်းများတင်သွင်းမှုနှင့်ပတ်သက်ပြီး နယ်စပ်စခန်းများတွင် စားသုံးသူဘေးကင်းလုံခြုံရေးစစ်ဆေးမည့် ဓာတ်ခွဲခန်းပြည့်စုံမှုမရှိသည့်အတွက် ယင်းသို့တင်ပို့ခွင့်မပြုခြင်းဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် လာမည့် မတ် ၁ ရက်မှစတင်ကာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခွင့်ပြုမည် မဟုတ်ကြောင်းနှင့် ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။
အေးခဲရေထွက်ကုန်ပစ္စည်းအမျိုးမျိုး အပါ အဝင် ပြည်ပမှသွင်းကုန်အနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်အထိ ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်သွင်းမှု ဒေါ်လာ ၅၁၆၉ ဒသမ ၆၃၂ သန်းရှိခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးမှ ဒေါ်လာ ၁၀၁၈ ဒသမ ၇၅၆ သန်း စုစုပေါင်း ဒေါ်လာ ၆၁၈၈ ဒသမ ၃၈၈ သန်းရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရသိရသည်။
**Source:** https://myanmar.mmtimes.com/news/120534.html

## STOCK EXCHANGE (15.2.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 15th Feb. 2019

#### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -200 | -2.22% | 8,900 | 8,900 | 8,800 | 298 | 2,630,600 | 27,112,747 | 238,592 |
| MTSH | 00002 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 4,112 | 11,928,350 | 38,929,150 | 114,841 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 25 | 180,000 | 10,400,986 | 74,887 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 77 | 1,694,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,750 | 2,750 | 2,750 | 1 | 2,750 | 12,212,906 | 33,585 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.17 | -2.10 | -0.55% | 378.73 | 378.73 | 378.17 | 4,513 | 16,435,700 | 5 | 516,290 |


**Index chart**




# Market Overview

As of 1:00 pm, 15th Feb. 2019

| MYANPIX | 378.17 ▼ 2.10 |
|---|---|
| Total Volume (shares) | 4,513 |
| Total Value (MMK) | 16 mil |
| Listed Company | 5 |
| Market Cap. (MMK) | 516,290 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 200 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 50 |